The Arakan International

The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# အောက်ထိုဘာဖွါးများ

## မဟာတ္တာမဂန္ဒီ



**“မဟာနှလုံးသား (ပိုင်သျှင်)”** ဟု နာမည်ရသည့် ၂၀ ရာစု၏ အကြီးကျယ်ဆုံးသော အမျိုးသားဂေါင်းဆောင်များထဲတွင် တစ်ဦးအပါအဝင်ဖြစ်သူ ‘ဂန္ဒီ’ ကို ၁၈၆၉ ခုနှစ်၊ အောက်ထိုဘာလ(၂)ရက်နိ့တွင် မွီးဖွါးခသည်။ ဂန္ဒီ၏ဖခင်သည် ဒေသဆိုင်ရာ အကြီးအကဲ၏ အတွင်းဝန်တစ်ဦး ဖြစ်ခသော်လည်း ဟိန္ဒူဇာတ်ခွဲခြားမှုစနစ်အရ ကုန်သည်မျိုးရိုးတန်းဝင်များဖြစ်ကတ်ပြီး ‘ဂန္ဒီ’ ဟူသည်မှာ ‘ကုန်ခြောက်သည်’ ဟု အဓိပ္ပါယ်ရကြောင်းဆိုပါသည်။ မိခင်မှာ ဂျိန်းဘာသာဝင်တစ်ဦးဖြစ်ပြီး သက်သတ်လွတ်စားကာ အကြမ်းမဖက်ခြင်းကို သက်ဝင်ယုံကြည်၊ အားပီးသူတစ်ဦးလည်းဖြစ်သည်။

ဂန္ဒီနှင့် ဂန္ဒီ၏အိမ်ထောင်ဖက်နှစ်ယောက်စလုံး အသက်(၁၃)နှစ်ရာ ဟိကတ် ချိန်များတွင် မိဖများ၏စီစဉ်မှုဖြင့် သမက်တက်ဖြစ်ကတ်ပြီး သူ၏အသက်(၁၈)နှစ် အရွယ်တွင် အိန်ဂလန်သို့လားရောက်၍ ဥပဒေပညာသင်ယူမှုပြုလီ သည်။ ၁၈၉၁ခုနှစ်တွင် အလုပ်သင်ရှို့နီတဦးဖြစ်လာပြီး ဘုံဘေမြို့ (အေဂု မုံဘိုင်မြို့)တွင် ရှို့နီအတတ်ပညာကိုလက်တွိ့ကွင်းဆင်းမှုပြုလီသည်။ ထိုနောက် ၁၈၉၃ ခုနှစ်မှ ၁၉၁၄ ခုနှစ်များအတွင်းတွင် တောင်အာဖရိကအခြီစိုက် အိန္ဒိယ ဥပဒေပြုလုပ်ငန်းရပ်တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်သည်။

တောင်အာဖရိကတွင် ရှို့နီတာဝန်ထမ်းဆောင်နီသည့် ကာလများအတွင်း၌ အသားအရောင်၊ မျိုးရိုး ဇာတိကိုလိုက်၍ခွဲခြားဆက်ဆံခံရသော အတွိ့အကြုံများပေါ်တွင်အခြီခံသည့် ခါးခါးသီးသီးခံစားမှုများကို ရှို့နီပေါက်စ ဂန္ဒီ၏ရင်ထဲတွင် သိုမှီးကြီးထွါးဖြစ်ပြီးသည်နောက် သူသည် ယင်းလူလူချင်းခွဲခြားဆက်ဆံသည့်ဝါဒအပေါ် နှလုံးသားနှင့်ဦးနှောက်ကပါ ရောယှက်ဆန့်ကျင်သူတစ်ဦး ဖြစ်လာခလီသည်။ သို့ဖြင့်ဟောပြောပွဲများတွင် ဦးဆောင် ဟောပြောခြင်း၊ ချီတက်ဆန္ဒပြပွဲများတွင်ဦးဆောင်ခြင်း၊ တရားရုံးများတွင် လျှောက်လဲမှုများမှတဆင့် မကြာမတင်မီမှာပင်ဂန္ဒီသည် တောင်အာဖရိကဟိ အိန္ဒိယနွယ်ဖွါးများ၏ ရှို့တန်းတိုက်ပွဲဝင်တစ်ဦးဖြစ်လာပြီး သူ၏အကြမ်းမဖက် အနုနည်းဖြင့်အာဏာဖီဆန်ရေးဝါဒ ***‘စကြာဂရဟ’*** မှာလည်း လူသိများလာခလီသည်။

၁၉၁၅ခုနှစ်တွင် ဂန္ဒီသည်အိန္ဒိယသို့ပြန်လာပြီးနောက်နိုင်ငံတွင်းဟိ အလုပ်သမားလှုပ်သျှားမှုများတွင် ဝင်ရောက်ဆင်နွဲလီသည်။ ၁၉၁၉ ခုနှစ်တွင်ဖြစ်ပွါးသည့် ဆန္ဒပြသမားသတ်ဖြတ်ပွဲ၏အတွိ့အကြုံမှတဆင့် ဂန္ဒီသည်နိုင်ငံရေးဆိုင်ရာလှုပ်သျှားမှုတွင် ဒါရိုက်ပါဝင်လာခပြီး အိန္ဒိယအမျိုးသားကွန်ဂရက်ကိုဦးဆောင်လျှက် ဗြိတိသျှအစိုးရ၏ ဆားခွန် စသည့်အခွန်များကို ပီးဆောင်ရန်ငြင်းဆန်ခြင်း၊ ဗြိတိသျှကုန်ပစ္စည်းများကို သပိတ်မှောက်ခြင်း စသည့် ကိစ္စရပ်များကိုစည်းရုံးလှုံ့ဆော်မှုပြုလုပ်လီသည်။

ဗြိတိသျှအစိုးရမှ ဂန္ဒီကို ထောင်သွင်းအကျဉ်းချမှု များပြုလုပ်ခသော်လည်း နောက်ဆုံးတွင်ပြန်လွှတ်ပီးရသည်။ သူသည်ကိုယ်ထူကိုယ်ထစနစ်ကို သက်ဝင်လုပ်ဆောင်သူ တစ်ဦးဖြစ်ပြီး သူဝတ်မည့်အဝတ်အထည်များကို သူကိုယ်တိုင် ရက်လုပ်သူဖြစ်သည်။ သူသည်အိန္ဒိယနိုင်ငံအားစက်မှုနိုင်ငံ တစ်ခုအဖြစ်ထူထောင်လိုသူများနှင့် သဖေါ်ထားဆန့်ကျင်သူ တစ်ဦးပင်ဖြစ်ခ သည် ဟုဆိုပါသည်။

ဘာသာရေးကိုအခြီခံတိုက်ပွဲဝင် ဦးဆောင်သူဖြစ်သည့်ဂန္ဒီသည် အိန္ဒိယ၏ ဟိန္ဒူလူများစုနှင့် အခြားများစွာသော လူနည်းစုများကြားတွင် ဖြန်ဖြေ၊ စိ့စပ်၊ ပေါင်းစည်းယူရသည့် အလုပ်များကို မညောင်းတမ်း၊ မရိတမ်းလုပ်ဆောင်နိန်ယက်ပင်း ၁၉၄၇ ခုနှစ်တွင် အလီဂျိန်းနား ဂေါင်းဆောင်သည့် ပါကိစ္စတန်နှင့် နေရူးဂေါင်းဆောင်သည့် အိန္ဒိယနိုင်ငံရှို့တစ်နိုင်ငံစီအဖြစ်ခွဲထွက်ကာ ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေး အသီးသီး ရယူလားကတ်ရာ သူအကြီးအကျယ် စိတ်ထိခိုက်ရသည်ဟုဆိုပါသည်။ သူ့အား ပါကိစ္စတန်ထောက်ခံအားပီးသူ၊ မူဆလိန်လိုလားသူဟု ထင်မှတ်မှားသူ ဟိန္ဒူအယူသည်းတစ်ဦး၏ လုပ်ကြံမှုဖြင့် ၁၉၄၈ ခုနှစ် ဂျန်နဝါရီလ ၃၀ ရက်နိတွင်ဒေလီမြို့၌ ကွယ်လွန်လားလီသည်။ ဂန္ဒီ ကွယ်လွန်လားသော်လည်း ဂန္ဒီ၏အကြမ်းမဖက်၊ အနုနည်းဖြင့် တိုက်ပွဲဝင်ရေးလမ်းစဉ်မှာမူ ပြဿနာရပ်များကို ငြိမ်းချမ်းစွာ အဖြေရှာလိုသူ ကမ္ဘာ့လူသားများ၏ နှလုံးသားထဲတွင် အေဂုအချိန်အထိ ကိန်းဝပ် ရှင်သန်နီတုန်း၊ ယင်းလမ်းစဉ်အားပြုကျင့် တိုက်ပွဲဝင်နီကတ်တုန်းပင် မဟုတ်ပါလား။ ။

ကျေးဇူးတင်ပါသည်။ အားလုံး ကျကျန်းမမာ ချချမ်းသာသာ ဟိကတ်ပါစီ။ ။